ရောဂါကူးစက်သည်ဟု (အယူသီးယုံကြည်ခြင်း) မရှိ၊

ငှက်ဖြင့် အတိတ်နမိတ်ဆိုးကောက်ခြင်း မရှိ၊

ဇီးကွက်ဖြင့်အတိတ်နမိတ်ဆိုး ကောက်ခြင်း မရှိ၊ 'စွဖရ်' လသည် ဆိုးကျိုးရှိမည်ဟု ယူဆခြင်း မရှိ။ ထို့ပြင်

အနာကြီးရောဂါသည်မှ အသင်သည် ခြင်္သေ့မှ

ထွက်ပြေးသကဲ့သို့ ထွက်ပြေးပါ။

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသ
ည်။ ရောဂါကူးစက်သည်ဟု (အယူသီးယုံကြည်ခြင်း) မရှိ၊ ငှက်ဖြင့်
အတိတ်နမိတ်ဆိုးကောက်ခြင်း မရှိ၊ ဇီးကွက်ဖြင့်အတိတ်နမိတ်ဆိုး ကောက်ခြင်း မရှိ၊ 'စွဖရ်' လသည် ဆိုးကျိုးရှိမည်ဟု ယူဆခြင်း မရှိ။ ထို့ပြင် အနာကြီးရောဂါသည်မှ
အသင်သည် ခြင်္သေ့မှ ထွက်ပြေးသကဲ့သို့ ထွက်ပြေးပါ။
[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် ဂျာဟိလီယသ်အမှောင်ခေတ်၏ အချို့သော (အယူသီးမှုများကို) ၎င်းတို့မှ သတိပေးတားမြစ်ရန်နှင့် အရာခပ်သိမ်း၏စီမံခန့်ခွဲမှုသည် အလ္လာဟ်အရှင်မြတ်၏ လက်တွင်းသာရှိကြောင်း၊ အရှင်မြတ်၏အမိန့်တော်နှင့် သတ်မှတ်စီမံချက်မှတစ်ဆင့်သာ ဖြစ်ပေါ်ကြောင်းရှင်းလင်းတင်ပြခဲ့သည်။ ၎င်းတို့မှာ- ၁။ ဂျာဟီလီယသ်အမှောင်ခေတ်တွင် လူများကရောဂါသည်ပင်ကိုယ်အားဖြင့် ကူးစက်နိုင်သည်ဟု မှတ်ယူကြသည်။ ထို့ကြောင့် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် ရောဂါသည် လူနာတစ်ဦးမှ အခြားသူထံသို့သူ့ပင်ကိုယ်အားဖြင့်ကူးစက်သည်ဟူသော အယူအဆကို ယုံကြည်ခြင်းမှ တားမြစ်ခဲ့သည်။အကြောင်းမှာ အလ္လာဟ်အရှင်မြတ်သည်သာ စကြဝဠာကို စီမံအုပ်ချုပ်တော်မူသူဖြစ်ပြီး၊အရှင်မြတ်သည်သာ ရောဂါကို ချပေးတော်ပြီး၊ ထိုအရှင်မြတ်ကသာ ယင်းရောဂါကိုဖယ်ရှား‌ေပးတော်မူသောအရှင်ဖြစ်သည်။ ထို့ပြင် ၎င်းသည် အရှင်မြတ်၏ အလိုတော်နှင့်သတ်မှတ်စီမံမှုမှတစ်ဆင့်သာ ဖြစ်ပေါ် သည်။ ၂။ ဂျာဟီလီယသ်အ‌မှောင်ခေတ်ရှိ လူများသည်ခရီးထွက်ချိန် သို့မဟုတ် ကူးသန်းရောင်းဝယ်ရန် ထွက်ခွာတော့မည်ဆိုလျှင် ငှက်များကိုမောင်းထုတ်ကြသည်။ အကယ်၍ ငှက်သည် ညာဘက်သို့ ပျံသန်းသွားပါက နမိတ်ကောင်းအဖြစ်မှတ်ယူကြပြီး၊ ဘယ်ဘက်သို့ ပျံသန်းသွားပါက နမိတ်ဆိုးအဖြစ်မှတ်ယူကာ (ခရီးဆက်မထွက်တော့ဘဲ) ပြန်လာ‌လေ့ရှိကြသည်။ ထို့ကြောင့် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် ဤသို့သော ငှက်ဖြင့် အတိတ်နမိတ်ဆိုး ကောက်ခြင်းမှတားမြစ်ခဲ့ပြီး ၎င်းသည် မှားယွင်းသော အယူအဆဖြစ်ကြောင်း ရှင်းလင်းတင်ပြတော်မူခဲ့သည်။၃။ ဂျာဟိလီယသ်အ‌မှောင်ခေတ်ရှိ လူများက ဇီးကွက်သည် အိမ်တစ်အိမ်ပေါ်သို့ ကျရောက်လာပါက၎င်းအိမ်သူအိ မ်သားများအတွက် ဘေးဒုက္ခတစ်စုံတစ်ရာ ကြုံတွေ့ရမည်ဟု ပြောဆို(ယုံကြည်) ကြသည်။ ထို့ကြောင့် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ထိုသို့သော

https://sunnah.global/hadeeth/my/show/3407

